၅။ ကိုယ်ဝန်ပျက်ကျခြင်း၊ မိဘနှစ်ပါး အတူမနေခြင်း၊ မွေးဖွားပြီးမှ သေဆုံးသွားခြင်း၊ သမီးမွေးဖွားခြင်း၊ မြှုံနေခြင်း၊ ဝမ်းထဲက မကျွတ်သေးခြင်း၊ ယင်းအနေထားတို့က မြတ်သေး၏၊ မွေးဖွားကာ လူဖြစ်လာပြီးနောက် အသိပညာချို့တဲ့က လုံးဝမမြတ်ပေ။

၆။ အလှူဒါန၊ အကျင့်သီလ၊ သူရသတ္တိ၊ အတတ်ပညာ၊ ဥစ္စာဓန၊ ယင်းငါးမျိုး၌ စိတ်မဝင်စားသော သားသမီးသည် မိခင်၏အညစ်အကြေးသာဖြစ်သည်။

၇။ သားသမီးမိုက်တစ်ရာထက် လိမ္မာ၍ အရည်အချင်းရှိသော သားသမီးတစ်ယောက်က ပိုမြတ်၏၊ လသည်တစ်စင်းတည်းဖြစ်သော်လည်း အမိုက်မှောင်ကို ပယ်ဖျောက်နိုင်၏၊ ကြယ်တာရာတို့သည် အရေအတွက် များသော်လည်း အမိုက်မှောင်ကို မပယ်ဖျောက်နိုင်ပေ။

၈။ အကြင်သူသည် ကောင်းမှုအရာ၌ ပြုနိုင်ခဲသော အကျင့်တရားကို ပြုကျင့်၏၊ ထိုသူ၏ သားသမီးသည် မိဘစကားကို နားထောင်တတ်၏၊ ဥစ္စာပစ္စည်း ကြွယ်ဝပေါများတတ်၏၊ တရားစောင့်သိတတ်၏၊ ပညာရှိတတ်၏။

၉။ စီးပွားဥစ္စာရှိခြင်း၊ အနာရောဂါကင်းခြင်း၊ ချစ်ခင်သူပေါများခြင်း၊ ချစ်ဖွယ်စကားပြောကြားတတ်သူ အနီး၌ရှိခြင်း၊ စကားနားထောင်သည့် တပည့်သားသမီးရှိခြင်း၊ ပညာတတ်ခြင်း၊ ယင်းခြောက်ပါးသည် လောက၏ ချမ်းသာသုခဖြစ်သည်။

၁၀။ အကြွေးတင်အောင် လုပ်သောဖခင်သည် ရန်



သူနှင့်တူ၏၊ အိမ်ထောင် မထိန်းသိမ်းတတ်သော မိခင်သည် ရန်သူနှင့်တူ၏၊ အဆင်းလှလှ ဇနီးသည် ရန်သူဖြစ်တတ်၏၊ ပညာမတတ်သော သားသမီးသည် ရန်သူဖြစ်တတ်သည်။

၁၁။ အလေ့အကျင့်မလုပ်လျှင် အတတ်ပညာသည် အဆိပ်ဖြစ်၏၊ မကြေညက်လျှင် အစာသည် အဆိပ်ဖြစ်၏၊ ပညာမဲ့သူအတွက် ပွဲလယ်သဘင်သည် အဆိပ်ဖြစ်၏၊ သက်ကြားအိုအတွက် ဇနီးပျိုသည် အဆိပ်ဖြစ်၏။

၁၂။ သာမန်အမျိုးအနွယ်၌ပင် မွေးဖွားစေကာမူ အရည်အချင်းရှိလျှင် လေးစားထိုက်၏၊ ဝါးကောင်းဖြင့် ပြုလုပ်သောလေးသည် ညို့မရှိမူ အဘယ်မှာလျှင် အသုံးဝင်မည်နည်း။

၁၃။ နာရီ နေ့ရက်တွေ ကုန်ဆုံးကျော်လွန်သွားသော်လည်း ပညာမသင်ကြားသောသားသည် ရွှံ့ညွံ့ပျောင်း၌ နစ်မြုပ်သော နွားကဲ့သို့ ပညာရှိတို့အလယ်၌ နစ်မြုပ်ရလိမ့်မည်။

၁၄။ အစာစားခြင်း၊ အိပ်ခြင်း၊ ကြောက်လန့်ခြင်း၊ ကာမဂုဏ်ခံစားခြင်း၊ ဤလေးမျိုးသည် လူနှင့်တိရိစ္ဆာန်၌ တူညီ၏၊ လူ၌ တရားဓမ္မသာလျှင် ပိုလွန်၏၊ တရားဓမ္မ မရှိသူသည် တိရိစ္ဆာန်နှင့် ဘာများထူးမည်နည်း။

၁၅။ ကိုယ်ကျင့်တရား၊ စီးပွားဥစ္စာ၊ လောကီစည်းစိမ်ခံစားမှု၊ လွတ်ငြိမ်းမှု ဤလေးမျိုးအနက် တစ်မျိုးမျိုးမှ မရှိသူ၏ လူဖြစ်လာရခြင်းသည် ဆိတ်မ၏ လည်ပင်းနား၌ ရှိသော နို့တိုင်ကဲ့သို့ အချည်းအနှီးသာလျှင် ဖြစ်ချေ၏။